စံရွှေပြည်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ မိုင်းကိုင်ကျေးရွာအုပ်စုအတွင်းရှိ ဧရိယာ(၂၀)ဧက ကျယ်ဝန်းသော(SHML-298) လုပ်ကွက်တွင် ရွှေသတ္တုတူးဖော်ထုပ်လုပ်ခြင်းအတွက် တင်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) အပေါ် စိစစ်တွေ့ရှိချက်နှင့် သုံးသပ်အကြံပြုချက်များအား ပြန်လည်ပြင်ဆင်တင်ပြခြင်း

| စဉ် | စိစစ်တွေ့ရှိချက်နှင့် သုံးသပ်အကြံပြုချက်များ | ပြင်ဆင်ထားသည့် အခန်း၊ စာမျက်နှာ |
|---|---|---|
| (က) | အစီရင်ခံစာပြုစုသူမှ အစီရင်ခံစာပါအကြောင်းအရာများ၊ အချက်အလက်များအားလုံးတိကျမှန်ကန်ကြောင်းနှင့် ပြည့်စုံကြောင်း၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရေးသားထားကြောင်း ကတိကဝတ်ကို လက်မှတ်ရေးထိုးပြီး ထည့်သွင်းဖော်ပြရန် | အခန်း(၄)၊ အပိုဒ်(၄.၂) စာမျက်နှာ(၃၇) |
| (ခ) | သတ္တုတွင်းဦးစီးဌာနမှ ထုတ်ပေးထားသည့် တည်နေရာပြမြေပုံနှင့်ပုံသဏ္ဍာန်ပြမြေပုံတို့ကို (Colour)ဖြင့်၊ ခဲတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်များကို (Colour)ဖြင့်ရှင်းလင်းစွာ ထည့်သွင်းဖော်ပြရန် | နောက်ဆက်တွဲ(ဂ) |
| (ဂ) | စာမျက်နှာ(၂၂၊၂၃)ရှိ စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်အား ဖော်ပြရာတွင် ပေ(၅၀)ပတ်လည်အကျယ်ရှိ အပေါ်ယံခေါင်မိုးမြေသားအား Backhoe ဖြင့် ရှင်းလင်းဖယ်ရှားပြီး ပေ(၂၀)မှပေ(၃၀)အနက်အထိ တူးဖော်သည့်အဆင့်မှ ပြဒါးစုရွှေအား လုံထဲတွင်ထည့်၍ မီးဖုတ်ရာမှ ပြဒါးပြန်ရပြီး ရွှေအခဲသာကျန်ရှိသည့်အဆင့်အထိ စာသား၊ ပုံများနှင့်တကွ ထည့်သွင်းဖော်ပြထားသော်လည်း ရှင်းလင်းမှုမရှိသောကြောင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်အား စာသား၊ ခဲတ်ပုံများနှင့်တကွ ရှင်းလင်းပြီး ပြည့်စုံစွာ ထည့်သွင်းဖော်ပြရန် | အခန်း(၂)၊ အပိုဒ်(၂.၈) စာမျက်နှာ(၂၂)မှ(၂၄) |
| (ဃ) | နောက်ဆက်တွဲ(က)တွင် လက်ရှိပတ်ဝန်းကျင်အခြေအနေရှိ မြေထုအရည်အသွေးအား တိုင်းတာခဲ့သည့် ခဲတ်ခွဲခန်းရလဒ်အဖြေများတွင် မည်သည့်စံချိန်စံညွှန်းများဖြင့် နှိုင်းယှဉ်ဖော်ပြထားသည်ကို ထည့်သွင်းဖော်ပြရန် | အခန်း(၆)၊ အပိုဒ်(၆.၅) စာမျက်နှာ(၅၀) |
| (င) | စာမျက်နှာ(၆၅)တွင် စီမံကိန်းလုပ်ကွက်ဧရိယာသည် ဥရုချောင်းနှင့်(၅)ဖာလုံခန့်သာ ကွာဝေးသည်ဟု ဖော်ပြထားသောကြောင့် ရွှေဖမ်းယူပြီး နောက်ဆုံးစွန့်ပစ်ရေများအားချောင်းအတွင်း ကျရောက်မှုမရှိအောင် အနည်စစ်ကန်များထားရှိပုံ အဆင့်ဆင့်ဒီဇိုင်း၊ စွန့်ပစ်မြေစာပုံများနှင့် အနည်စစ်ကန်များ ပြိုကျခြင်း၊ ယိုစိမ့်ခြင်း၊ ရေစီးနှင့်အတူမျောပါခြင်း၊ တိုက်စားခြင်းမရှိအောင် သိုလှောင်ထားရှိပုံ အဆင့်ဆင့်ဒီဇိုင်းတို့ကို အသေးစိတ် ထည့်သွင်းဖော်ပြရန်၊ စွန့်ပစ်ရေကန်များနှင့် | အခန်း(၂) စာမျက်နှာ(၃၃) |

| | | |
|---|---|---|
| | စွန့်ပစ်မြေစာပုံများအရေအတွက်၊ ထားရှိမည့်တည်နေရာကို လတ္တီတွဒ်၊ လောင်ဂျီတွဒ်အမှတ်များဖြင့် ကောင်းကင်မြေပုံပေါ်တွင် ထည့်သွင်းဖော်ပြရန် | |
| ( စ ) | စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သူများ သိရှိနိုင်စေရန် အစီရင်ခံစာကို ထုတ်ဖော်သည့်နည်းလမ်းများ(သတင်းစာ၊ Web Site ၊ Web link ၊ သတင်းစာမိတ္တူ)တို့ကို ထည့်သွင်းဖော်ပြရန် | အခန်း(၉)၊ အပိုဒ်(၉.၄)<br>စာမျက်နှာ(၈၄) |
| (ဆ) | မိုင်းပိတ်သိမ်းခြင်းအစီအစဉ်တွင် လက်ရှိပျိုးကန်များ ပြုစုထားသည့်အခြေအနေများ၊ သစ်ပင်စိုက်ပျိုးထားသည့် အခြေအနေများ၊ မိုင်းပိတ်သိမ်းပြီး သစ်ပင်များပြန်လည်စိုက်ပျိုးမည့် လျာထားနေရာကေတို့ကို ထည့်သွင်းဖော်ပြရန် | အခန်း(၁၃)၊ အပိုဒ်(၁၃.၃)<br>စာမျက်နှာ(၁၀၃) |